# ပညာရေးဝန်ကြီးဌာန

## အဆင့်မြင့်ပညာဦးစီးဌာန ၊ ဟားခါးပညာရေးဒီဂရီကောလိပ်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၊ ဟားခါးပညာရေး ဒီဂရီကောလိပ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြန်မာ တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| Lot | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot ( 1 ) | Mechinery Equipment | (၄) မျိုး |
| Lot ( 2 ) | Mechinery Equipment & Office Equipment | (၄) မျိုး |
| Lot ( 3 ) | Furniture | (၆)မျိုး |
| Lot ( 4 ) | Furniture | (၁၀)မျိုး |

၂။ အိတ်ဖွင့်တင်ဒါနှင့်တင်ဒါစည်းကမ်းချက်များကို ၁၈-၁၂-၂၀၂၀ ရက်နေ့ရုံးချိန်မှစ၍ ဟားခါး ပညာရေးဒီဂရီကောလိပ် ၊ ဘဏ္ဍာဌာနခွဲတွင် ရောင်းချပေးမည်ဖြစ်ပြီး ၁၈-၁-၂၀၂၁ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။

၃။ ဝယ်ယူလိုသည့် Lot အလိုက် တင်ဒါပုံစံများဖိုးကျသင့်ငွေများကို KBZ / K Pay Account No. 01030131300036801သို့ လွှဲပို့ပြီးကြောင်းအထောက်အထားကို hakhaec.chin@gmail.com နှင့် ( Viber 09-972486665 )ပေးပို့ပါက တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အဆင်ပြေအောင် ပို့ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း( ၀၉ - ၄၂၅၅၃၀၀၆ ၊ ၀၉ - ၄၅၅၀၂၄၂၅၀ ) သို့ဆက်သွယ် မေးမြန်းနိုင်ပြီး website www.**hkaedc.edu.mm** တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဟားခါးပညာရေးဒီဂရီကောလိပ်**

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ဘားခါးပညာရေးဒီဂရီကောလိပ်
ဟားခါးမြို့။

☎ ၀၉ ၄၂၅၅၅၀၀၆ (ရုံး)
e mail = hakhaec.chin@gmail.com
hakha@hkaedc.edu.mm
Website www. hkaedc.edu.mm

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ ( ၂၄ ) ရက် ။

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၊ ဟားခါးပညာရေးကောလိပ်မှ တင်ဒါခေါ်ယူသည့် LOT တစ်ခုချင်းအလိုက် ပစ္စည်းများစာရင်း ။

| SR. NO | LOT | EQUIPMENT | TECHNICAL DETAILS | QTY | REMARKS |
|---|---|---|---|---|---|
| 1 | LOT ( 1 ) | MACHINERY EQUIPMENT | 1. Portable Projector<br>- 3300 Lumens, 1024x768 Pixels(XGA) HDMI Input<br>- 10000 hour Lamp Life, Day Light View, Direct power off<br>- Wifi with USB Dongle<br>2. Tripod Screen (84” x 84” )<br>3. Laptop Computer<br>- 8th Gen, Intel Core i7-8550U,(1.8 to 2.0 GHz) 8GB DDR4, SATA 1TB Memory, Graphic Card, 2GB, 15.6” FHD Display, DVD RW, LAN, WLAN, HDMI,USB 2.0,Cardreader,Bluetooth<br>4. UPS ( 650 VA ) | 3 – Nos<br><br><br><br><br>3 – Nos<br>2 – Nos<br><br><br><br><br>20 – Nos | တင်ဒါပုံစံ တစ်စုံလျှင်- ၂၀၀၀/-နှုန်း |
| 2 | LOT ( 2 ) | MACHINERY EQUIPMENT | 1. CCTV System<br>- Camaras ( 16 nos )with Wifi Transmitter<br>- Receivers Channels Receiving (16 Channels )<br>- LCD Monityor ( 32” ) ( 1 no ) | 1 – No | တင်ဒါပုံစံ တစ်စုံလျှင်- ၂၀၀၀/-နှုန်း |

| | | | | | |
|---|---|---|---|---|---|
| | | | - DVR ( 1 no ) | | |

| SR. NO | LOT | EQUIPMENT | TECHNICAL DETAILS | QTY | REMARKS |
|---|---|---|---|---|---|
| 2 | LOT(2) | MACHINERY EQUIPMENT & OFFICE EQUIPMENT | 2 . CCTV System<br>- 5 Megapixel 1P<br>- Camara series – 4 x 5MP IP<br>- Camara , 1 x 4 CH<br>- NVR Recorder With POE<br>- 1x2 TB Hardisk 8Xrj45 Connector<br>- 50mx Network Cable & with Accessories | 4 – Nos | တင်ဒါပုံစံ တစ်စုံလျှင်- ၂၀၀၀/-နှုန်း |
| | | | 3. Laptop Computer<br>- 8th Gen, Intel Core i7-8550U (1.8 to 2.0 GHz),8 GB DDR 4 SATA 1 TB Memory, GraphicCard, 2GB, 15.6"FHD Display DVD RW,LAN, WLAN, HDMI,USB2.0, Cardreader, Bluetooth | 2 – Nos | |
| | | | 4.UPS ( 650 VA ) | 20 -Nos | |
| 3 | LOT (3) | FURNITURE | 1. Computer Table ( 2' 1" x 1' 6" x 2' 6" )+ Computer Chair | 40-Sets | တင်ဒါပုံစံ တစ်စုံလျှင်- ၂၀၀၀/-နှုန်း |
| | | | 2. ဘီရို(Steel Almirah)3'x1'5"x6') | 20–Nos | |
| | | | 3. Book Shelf(Import)(950x450x2200) mm | 2 –Nos | |
| | | | 4. Lecture Stand ( 2'x1'6"x 4' 3") | 16-Nos | |
| | | | 5. Cabinet( 4 Drawer ) | 2 – Nos | |
| | | | 6. Settee ( Special Design )<br>(a) Center Table 1 -no<br>(b) Single Settee Chair 4 nos<br>(c) Couble Settee Chair 1 no | 1 - Set | |
| 4 | LOT (4) | FURNITURE | 1. Officer Table(5'x3'x2'6") | 45-Nos | ကျွန်းသစ် |
| | | | 2. Armed Chair | 45-Nos | ။ |
| | | | 3. Office Table ( 4'x2'6"x2'6") | 30-Nos | ။ |
| | | | 4. Armless Chair | 30-Nos | ။ |
| | | | 5.SingleDesk(2'6"x1'6"x2'6")+Single Chair | 290-Sets | သံဖရိန်/Plastic<br>သံဖရိန်/အထပ်သား |
| | | | 6. Combine Desk (4 Person) (6'x3'x2'6") | 120-Nos | ကျွန်းသစ် |
| | | | 7. သိပ္ပံခန်းသုံးစားပွဲ(8'x4'x3') | | ကျွန်းသစ် |
| | | | 8. Stool ( 1' 6"x 1' x 2' ) | 16-Nos | သံဖရိန်/အထပ်သား |

| | | | | | |
|---|---|---|---|---|---|
| | | | 9. File Rack(6'x1'6"x6')<br>10. ဘီရို(3'x1'5"x6') Glass, | 160-Nos<br>15-Nos<br>8 - Nos | ကျွန်းသစ်<br>(တင်ဒါပုံစံ တစ်စုံလျှင်-၅၀၀၀/-နှုန်း) |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ဟားခါးပညာရေးဒီဂရီကောလိပ်**

**ရက်စွဲ ၊ ၂၀၂၁ - ခုနှစ် ၊ လ ( ) ရက် ။**

**“ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက် ”**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဟားခါးပညာရေးဒီဂရီကောလိပ်တွင် အသုံးပြုရန်ပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မှာယူသည့်နေရာသို့အရောက်ပို့စနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်
တင်ဒါတင်သွင်းသူများလိုက်နာရမည့်စည်းကမ်းချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် -

၁ ။ **အိတ်ဖွင့်တင်ဒါတင်သွင်းသည့်ကုမ္ပဏီ**သည် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံသားပိုင်အမည်ပျက်စာရင်းတွင်မပါဝင်သည့် ကုမ္ပဏီအဖွဲ့အစည်းဖြစ်ရမည် ။ပူးတွဲတင်ပြထားသည့် **ကုမ္ပဏီ၏**တရားဝင်မှတ်ပုံတင်မိတ္တူသည် သက်တမ်းပြတ်နေပါက အဆိုပါကုမ္ပဏီကို **အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့** မှ လက်ခံစဉ်းစားမည်မဟုတ်သည်ကို ကြိုတင်သိရှိပြီးဖြစ်ရမည် ။

၂ ။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့်**

(က) ပူးတွဲဖော်ပြပါပစ္စည်းအုပ်စုအလိုက် ယှဉ်တွဲပါသတ်မှတ်ထားသည့် တင်ဒါအာမခံစပေါ်ငွေ(၁%)ကို မြန်မာနိုင်ငံဗဟိုဘဏ်မှအသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုသို့ ပေးသွင်းထားသည့် တင်ဒါအာမခံစပေါ်ငွေ (Cheque)လက်မှတ်ကို **ဟားခါးပညာရေးဒီဂရီကောလိပ် ၊ ဘဏ္ဍာဌာန**တွင် အပ်နှံပြီး ၊ အဆိုပါအပ်နှံသည့်ပြေစာမိတ္တူပူးတွဲ၍လည်းကောင်း၊ တင်ဒါအာမခံစပေါ်ငွေ ( Cheque ) လက်မှတ်ကို **ဟားခါးပညာရေးဒီဂရီကောလိပ် ၊ ဘဏ္ဍာဌာန**သို့ သီးခြားစာအိတ်ဖြင့်ပေးပို့ပြီး(Cheque)လက်မှတ်မိတ္တူကို တင်ဒါအဆိုပြုလွှာနှင့်ပူးတွဲ၍လည်းကောင်းပေးပို့ရမည်။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်း**

**မခံရသောလုပ်ငန်း**အတွက် တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် **ဟားခါးပညာရေးဒီဂရီကောလိပ် ၊ ဘဏ္ဍာဌာန**တွင် ပြန်လည်ထုတ်ယူနိုင်သည် ။

(ခ) အိတ်ဖွင့်တင်ဒါအောင်မြင်သူသည် **ဟားခါးပညာရေးဒီဂရီကောလိပ်** မှပေးပို့မည့် Firm Orderပါ တင်ဒါအောင်မြင်သည့် ဝယ်ယူမည့်စုစုပေါင်းပစ္စည်းတန်ဖိုး၏ ၁၀% နှင့်ညီမျှသောငွေကို Firm Orderပါ စာချုပ်ချုပ်ဆိုရန်သတ်မှတ်သည့်ရက်တွင် မပျက်မကွက်ပေးသွင်းပြီး ၊ လက်ခံပြေစာပူးတွဲ၍ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုရမည် ။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာနောက်ဆုံးထားတင်ပြရန် သတ်မှတ်ထားသည့် ( ၁၈-၁-၂၀၂၁ )ရက်နေ့ ( ၁၆ : ၃၀ )နာရီထက်နောက်ကျပြီးတင်သွင်းလာသည့်လျှောက်လွှာများကို အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ( လုံးဝ ) လက်ခံစဉ်းစားမည်မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည် ။



၄။ အိတ်ဖွင့်တင်ဒါကိုကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ၊စာတိုက်မှဖြစ်စေပေးပို့ခြင်းကို Covid-19ကူးစက်
ရောဂါဖြစ်ပွါးမှုအခြေအနေအရ လက်ခံခွင့်ပြုပေးမည်ဖြစ်သည် ။ တင်ဒါစာအိတ်ကို သေချာစွာချိတ်ပိတ်၍ ပေးပို့ရမည်။

၅။ ဟားခါးပညာရေးဒီဂရီကောလိပ်မှသတ်မှတ်ထားသည့်အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံဖြင့်သာအဆိုပြုရပါမည်။ အခြားပုံစံဖြင့်တင်သွင်းမှုကို အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်သည်ကို သိရှိပြီးဖြစ်ရမည် ။ အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့် အိတ်ဖွင့်အဆိုပြုလွှာပုံစံနှင့်ပူးတွဲထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယားပုံစံ၏စာတိုင်အားလုံးကိုပြည့်စုံစွာဖြည့်သွင်းပြီးကိန်းဂဏန်း/စာလုံးများကို ထင်ရှားပြတ်သားပီသစွာဖော်ပြပေးရမည် ။

၆။ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများကို မဖြစ်မနေ ပူးတွဲတင်ပြရမည် ။

(က) ဟားခါးပညာရေးဒီဂရီကောလိပ်မှပေးထားသောSoft Copy တွင်ပါရှိသည့်ပုံစံတွင်မှန်ကန်စွာရေးသွင်း၍ Computer နှင့်ပြုစုထားသော Soft Copy ( စီဒီတစ်ချပ်)နှင့်အတူ ပစ္စည်းတစ်ခုချင်းစီ၏ Specification နှင့် Unit Price ဖော်ပြထားသော Hard Copy

(ခ) ပြည့်စုံစွာဖြည့်သွင်းထားသည့် အိတ်ဖွင့်ဈေးနှုန်းလွှာဇယား ( ပစ္စည်းများပေးသွင်းမည့်ကာလ ( Delivery Period) ကို တိကျစွာဖော်ပြရန်နှင့် ပစ္စည်းမျိုးတူအုပ်စုလိုက်ခွဲ၍ ဈေးနှုန်းလွှာဇယားတစ်ရွက်စီခွဲ၍တင်ပြရန် )

(ဂ) တင်သွင်းသည့်ပစ္စည်းတစ်ခုချင်းအတွက် ပုံပြစာရွက်စာတမ်းများနှင့်ဓါတ်ပုံများ (တင်သွင်းသည့်နံပါတ်စဉ်အလိုက် ပုံတွင်အမှတ်စဉ်တိကျစွာထည့်သွင်းဖော်ပြရန် )

(ဃ) အလွယ်တကူတိုက်ဆိုင်စစ်ဆေးနိုင်သည့်ပစ္စည်းများမှလွဲ၍ ကျန်ပစ္စည်းများအတွက် နမူနာပစ္စည်းများ ( နမူနာပေးပို့သည့်ပစ္စည်းများအား ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါသည် ။ )

(င) နမူနာ ( Simple )ပစ္စည်းများအား ( ၁၇-၁-၂၀၂၁ )ရက်နေ့ နောက်ဆုံးထား၍တင်သွင်းရမည်ဖြစ်ပါသည် ။

(စ) တင်ဒါအာမခံကြေးပေးသွင်းသည့် ပြေစာမိတ္တူ

(ဆ) သက်တမ်းကုန်ဆုံး/ပြတ်တောက်နေခြင်းမရှိသည့် ကုမ္ပဏီ၏တရားဝင်မှတ်ပုံတင်မိတ္တူ

(ဇ) NCI ပစ္စည်းတင်သွင်းသူများအနေဖြင့် တင်သွင်းသည့်ပစ္စည်း၏ သက်ဆိုင်ရာ Catalogue တစ်စုံနှင့်အတူ သီးသန့်စာအိတ်တစ်အိတ်စီထည့်၍ တင်သွင်းရမည်ဖြစ်ပါသည် ။

၇။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ပစ္စည်းများ၏ ဈေးနှုန်းသက်တမ်းတည်မြဲမှုကာလ ( Price Validity Period)သည်အိတ်ဖွင့်တင်ဒါအဆိုပြုလွှာနောက်ဆုံးပိတ်ရက်မှအနည်းဆုံးရက်သတ္တပတ်(၃၀)ပတ်ကာလတည်မြဲမှုရှိကြောင်း အာမခံရမည် ။ လိုအပ်ပါက **အိတ်ဖွင့်တင်ဒါရွေးချယ်ရေး** အဖွဲ့အနေဖြင့် ဈေးနှုန်းသက်တမ်းတိုးပေးရန် တောင်းဆိုမည်ကို သိရှိပြီးဖြစ်ရမည် ။

၈။ **အိတ်ဖွင့်တင်ဒါတင်သွင်းသူများအနေဖြင့် အိတ်ဖွင့်တင်ဒါရွေးချယ်ပွဲအစည်းအဝေးသို့တက်ရောက်ရန်** အတွက်ခေါ်ယူပါက အချိန်မီရောက်ရှိရန်နှင့် ရောက်ရှိကြောင်းသတင်းပို့ရန်တို့ကို ကြိုတင်သိရှိပြီးဖြစ်ရမည်။Covid-19ကူးစက်ရောဂါအခြေအနေအရ အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်ကို သဘောတူညီပြီးဖြစ်ရမည်။

၉။ **အိတ်ဖွင့်တင်ဒါရွေးချယ်ခြင်းခံရသူများအနေဖြင့်မည်သည့်အကြောင်းကြောင့်ဖြစ်စေ မိမိတင်သွင်းခွင့်ရရှိသည့် တင်ဒါအောင်မြင်သည့် ပစ္စည်းတစ်ခုခုကိုတင်သွင်းရန် ပျက်ကွက်ခဲ့ပါက** တင်သွင်းထားသည့် တင်ဒါအာမခံကြေးကိုနိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်းကိုသဘောတူ လက်ခံရမည်။



တင်ဒါအောင်မြင်သည့်ပစ္စည်းကို Firm Order ပေးပို့မှာယူသည့် ဟားခါးပညာရေးဒီဂရီကောလိပ်သို့ တင်သွင်းရန် ပျက်ကွက်ခဲ့ပါက အမည်ပျက်စာရင်း Black List သတ်မှတ်မည်ဖြစ်ပါသည် ။

၁၀။ **အိတ်ဖွင့်တင်ဒါအောင်မြင်သည့်ပစ္စည်းများကို** မှာယူသည့်နေရာသို့ အိတ်ဖွင့်တင်ဒါအောင်မြင်သည့် ကုမ္ပဏီ၏ တရားဝင်ကိုယ်စားလှယ်လွှဲစာယူဆောင်လာသည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးဦးမှလာရောက်ပေးသွင်းရန်နှင့် ကုမ္ပဏီဝန်ထမ်းမဟုတ်သူမှ လာရောက်ပေးသွင်းပါက ဟားခါးပညာရေးဒီဂရီကောလိပ်မှ လက်ခံမည်မဟုတ်ကြောင်း ကြိုတင်သိရှိပြီးဖြစ်ရမည် ။

၁၁။ **အိတ်ဖွင့်တင်ဒါအောင်မြင်သည့်ပစ္စည်းများကို** မှာယူသည့်နေရာသို့ အရောက်ပေးပို့လာပါက ဟားခါးပညာရေးဒီဂရီကောလိပ်မှ ပစ္စည်းများစိစစ်လက်ခံရေးအဖွဲ့ဖြင့် သတ်မှတ်ပစ္စည်းအမျိုးအစား ၊ အရည်

အသွေး ၊ စံချိန်စံညွှန်းနှင့်လည်းကောင်း၊တိုင်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး ကိုက်ညီခြင်းမရှိ ကွဲလွဲနေသည်ကို စစ်ဆေးတွေ့ရှိပါက အဆိုပါအဖွဲ့ငယ်အနေဖြင့် လက်ခံမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ပစ္စည်း အမျိုးအစား ၊ အရည်အသွေး ၊ စံချိန်စံညွှန်းတို့နှင့်ကိုက်ညီသည့် ပစ္စည်းအမျိုးအစားနှင့် မပျက်မကွက် ပြန်လည်လဲလှယ်ပေးရမည် ။

၁၂။ ပစ္စည်းအရည်အသွေးစစ်ဆေးလက်ခံရေးအဖွဲ့၏စစ်ဆေးပြီး၊ကျေနပ်လက်ခံကြောင်းအကြောင်းကြား စာရရှိမှသာ တင်သွင်းသည့်ပစ္စည်းတန်ဖိုး၏ ၂%ကို Withholding Tax အဖြစ် ဖြတ်တောက်ပြီး ကျန်ငွေ ကိုပေးချေမည်ဖြစ်သည် ။

၁၃။ တင်ဒါအောင်မြင်သည့်ပစ္စည်းများကို မှာယူသည့်နေရာသို့ သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်ပြီး နောက်ကျမှပေးသွင်းလာပါက နောက်ကျကြေးအဖြစ် တစ်ရက်လျှင် တင်သွင်းရန် ကျန်ရှိသည့်ပစ္စည်းတန်ဖိုး၏ ၀.၀၁%ကိုဖြတ်တောက်ပြီး ကျန်ငွေကိုသာပေးချေမည်ကို သိရှိပြီးဖြစ်ရမည်။

၁၄။ **အိတ်ဖွင့်တင်ဒါအောင်မြင်သည့်ပစ္စည်းများအနက် ဝယ်ယူပြီးနောက်ပိုင်းပြင်ဆင်ထိန်းသိမ်းရန်လိုအပ် သည့်ပစ္စည်းများအတွက်** Warranty period ကိုကုမ္ပဏီမှတောင်းခံပြီး နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် ချုပ်ဆို၍ ဝယ်ယူမည်ဖြစ်သည် ။ မှာယူသည့်နေရာသို့ တင်သွင်းလာသည့်ပစ္စည်းရောက်ရှိချိန် စိစစ်လက်ခံရေးအဖွဲ့နှင့် သုံးစွဲသူတို့ရှေ့မှောက်တွင် (Test Run ) စမ်းသပ်မောင်းနှင်ပြီး လက်ခံရေးအဖွဲ့နှင့် သုံးစွဲသူတို့ ကျေနပ်လက်ခံမှသာ ပစ္စည်းကိုလက်ခံ၍ ပစ္စည်းဖိုးပေးချေမည်ဖြစ်သည် ။

အထက်ဖော်ပြပါစည်းကမ်းချက်များကို ဖတ်ရှုနားလည်သဘောပေါက်ပြီး အဆိုပါစည်းကမ်းချက်များ နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းကို ဆောင်ရွက်နိုင်ပါကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်။

တင်ဒါအဆိုပြုသူလက်မှတ် ..............................

တင်ဒါအဆိုပြုသူအမည် ..............................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................

ကုမ္ပဏီ / လုပ်ငန်းလိပ်စာ ..............................

..............................

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ..............................

# " ဝန်ခံကတိပြုလွှာ "

ရက်စွဲ ။ ၂၀၂ - ခုနှစ် ၊ ............................ လ( )ရက် ။

ကျွန်ုပ်တို့၏ ..........................................ကုမ္ပဏီသည် ချင်းပြည်နယ် ၊ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၊ စက်ပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများ ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန် အတွက် မြန်မာ့အလင်းသတင်းစာမှကြော်ငြာခေါ်ယူခဲ့သည့် LOT( ) ( ) ( ) ( ) များအတွက် အိတ်ဖွင့် တင်ဒါပုံစံများကို ဟားခါးပညာရေးဒီဂရီကောလိပ်၊ တင်ဒါဗဟိုကော်မတီထံသို့ ပေးပို့ပလျှောက်ထားခဲ့ပြီးဖြစ်ပါသည် ။

ကျွန်ုပ်တို့၏............................ ကုမ္ပဏီသည် ........................ မြို့တွင် ကုမ္ပဏီရုံးဖွင့်လှစ်ထားလျက်ရှိပြီး COVID-19 ကာကွယ်၊ ကုသ ၊ ထိန်းချုပ်ရေးဗဟိုကော်မတီ၏လမ်းညွှန်ချက်များအရ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်တွင် ခရီးသွားလာခွင့်မပြုသေးပါက တက်ရောက်နိုင်မည်မဟုတ်ပါသဖြင့် ခွင့်ပြုပေးပါရန်နှင့် ဟားခါးပညာရေးဒီဂရီကောလိပ် ၊ တင်ဒါဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း သဘောတူလက်ခံမည်ဖြစ်ပါ

ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြအပ်ပါသည် ။

(လုပ်ငန်းရှင်/ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာအဆင့်မှ

လက်မှတ်ရေးထိုးပေးပါရန် )